## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီ

**အမိန့်ကြော်ငြာစာအမှတ်၊ ၁ / ၂၀၁၈**

**( ၁၃၈၀ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက် )**

**( ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက် )**

၂၀၁၉ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခြင်းတွင် ထုတ်လုပ်သည့်ခုနှစ်သတ်မှတ်ခြင်းကိုမော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သောလုပ်ငန်းများကြီးကြပ်ရေးကော်မတီ၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

### ၂၀၁၉ ခုနှစ်အတွက် ပြည်ပမှမော်တော်ယာဉ် တင်သွင်းခြင်းတွင်ထုတ်လုပ်သည့်ခုနှစ် သတ်မှတ်သည့် အမိန့်ကြော်ငြာစာ

၁။ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများကြီးကြပ်ရေးကော်မတီမှ ၂၀၁၉ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ် တင်သွင်းခြင်းတွင် ထုတ်လုပ်သည့် ခုနှစ်အား အောက်ဖော်ပြပါအတိုင်း သတ်မှတ်လိုက်သည် -

(က) **ယာဉ်အို/ယာဉ်ဟောင်းအစီအစဉ်( Consignment စနစ်အပါအဝင် )**

(၁) လူစီးမော်တော်ယာဉ်များ( ၁၃၅၀ စီစီနှင့်အောက် လူစီးယာဉ်များ အပါအဝင်) ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ( ဘယ်မောင်း )

(၂) ကုန်တင်ယာဉ်များ- ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ( ဘယ်မောင်း )

(၃) ခရီးသည်တင်ယာဉ်များ( Mini Bus/ City Bus/ Express Bus)- ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ( ဘယ်မောင်း )

( ခ ) **လူပုဂ္ဂိုလ်တစ်ဦးချင်းအစီအစဉ်**

(၁) လူစီးမော်တော်ယာဉ်များ ( ၁၃၅၀ စီစီနှင့်အောက် လူစီးယာဉ်များ အပါအဝင်) - ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ( ဘယ်မောင်း )

(၂) ကုန်တင်ယာဉ်များ -၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း( ဘယ်မောင်း )

(၃) ခရီးသည်တင်ယာဉ်များ( Mini Bus / City Bus / Express Bus) - ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း( ဘယ်မောင်း )

( ဂ ) **ပုံမှန်လိုင်စင်ဖြင့် မော်တော်ယာဉ်လျှောက်ထားမှု (FOC စနစ်ဖြင့်ပြည်ပမှ လှူဒါန်းသည့် မော်တော်ယာဉ်ပါမစ်လျှောက်ထားမှုအပါအဝင် )**

(၁) လူစီးမော်တော်ယာဉ်များ- ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း( ဘယ်မောင်း )

(၂) လုပ်ငန်းသုံးယာဉ်များ - ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း( ဘယ်မောင်း )

(၃) ယန္တရားများ - ၂၀၁၀ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း

(၄) မီးသတ်ယာဉ် - ၂၀၁၀ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း( ဘယ်မောင်း )

(၅) လူနာတင်ယာဉ် - ၂၀၁၀ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း( ဘယ်မောင်း )

(၆) နိဗ္ဗာန်ယာဉ် - ၂၀၁၀ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း( ဘယ်မောင်း )

(၇) သာသနာရေးဆိုင်ရာယာဉ်များ - ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း (ဘယ်မောင်း)

(၈) ခရီးသည်တင်ယာဉ်များ( Mini Bus / City Bus / Express Bus) (၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ) ( ဘယ်မောင်း )

(ဃ) **အစိုးရဌာနများမှ မော်တော်ယာဉ်လျှောက်ထားမှု**

(၁) လူစီးမော်တော်ယာဉ်များ - ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း( ဘယ်မောင်း )

(၂) လုပ်ငန်းသုံးယာဉ်များ- ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း( ဘယ်မောင်း )

(၃) ယန္တရားများ - ၂၀၁၀ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း

(၄) ခရီးသည်တင်ယာဉ်များ( Mini Bus / City Bus / Express Bus) (၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ) ( ဘယ်မောင်း )

**မှတ်ချက်။** (က) နိုင်ငံတော်အတွက်လှူဒါန်းသည့်မီးသတ်ယာဉ်နှင့် လူနာတင်ယာဉ်များ လျှောက်ထားရာတွင် ၂၀၀၇ ခုနှစ် မော်ဒယ်အထိသာ လက်ခံဆောင်ရွက်ပေးပါမည်။

(ခ) အများပြည်သူသုံးလမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်း မရှိသည့် Excavator ၊ Bulldozer ၊Wheel Loader ၊ Vibratory Roller ၊ Clamp Loader ၊ Motor Grader ၊ Road Roller Compactor ၊ Bridge Crane ၊ Gantry Crane ၊ Tower Crane ၊ Pilling Machine ၊ Crawler Drill / Crane ၊ Overhead Travelling Crane ၊ Mobile Crane ၊ Rough - Terrain Crane ၊ Forklift ၊ Boom Lift ၊ Asphalt Finisher ( ကတ္တရာခင်းစက် ) စသည့် လုပ်ငန်းသုံးယန္တရားများအား လွန်ခဲ့သော ( ၁၅ )နှစ်အတွင်း ထုတ်လုပ်သည့်ယာဉ်များအဖြစ် တင်သွင်းခွင့်ပြုပါမည်။

(ဂ) နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့အစည်းများမှဝယ်ယူခြင်းအတွက် အထက်အပိုဒ်(၁)၊ (က)နှင့်(ခ) ပါ သတ်မှတ်ချက်အတိုင်းအရောင်းစင်တာ/ အရောင်းပြခန်းမှ ဝယ်ယူခွင့်ပြုပါမည်။

( ပုံ )

ဒေါက်တာသန်းမြင့်

ဥက္ကဋ္ဌ

မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သော

လုပ်ငန်းများကြီးကြပ်ရေးကော်မတီ

စာအမှတ် ၊ စက - ၁၁/၂-၁၈/၂၀၁၈ ( ၂ )

ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံပြန်တမ်းတွင်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } ထည့်သွင်းကြေညာပေးပါရန်
မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း
မော်တော်ယာဉ်ဖြန့်ဖြူးရောင်းချသူများအသင်း
ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ
အသင်းချုပ် (ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ

ရန်နိုင်ထွန်း
အတွင်းရေးမှူး
မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သော
လုပ်ငန်းများကြီးကြပ်ရေးကော်မတီ